**အင်းစိန်ထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းနေမှုနှင့် ပတ်သက်၍ ပူးတွဲသဘောထား ထုတ်ပြန်ချက်**

ရက်စွဲ။ ။ ဒီဇင်ဘာ ၁၃ ရက်၊ ၂၀၂၁ ခုနှစ်

အင်းစိန်ထောင်တွင် မတရားဖမ်းဆီးချုပ်နှောင်ခံနေရသော ဗကသများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကိုဝေယံဖြိုးမိုးနှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ကျောင်းသားထုအခွင့်အရေးတာဝန်ခံ ကိုလေပြေစိုးမိုးတို့ အပါအဝင် နိုင်ငံရေးအကျဉ်းသား ၈၉ ဦးသည် အသံတိတ်သပိတ်လှုပ်ရှားမှုတွင် ပါဝင်ခဲ့ခြင်းကြောင့် ပြင်းပြင်းထန်ထန် ရိုက်နှက်နှိပ်စက်ခံထားရသည်ဟု သိရသည်။ အဆိုပါနိုင်ငံရေးအကျဉ်းသား ၈၉ ဦးကို အကျဉ်းဦးစီးဌာနက သီးသန့်ဆောင်မှ ပင်မအကျဉ်းဦးစီးထောင်သို့ ရွှေ့ပြောင်းပြီး တိုက်ပိတ်ထားသည်ဟု သိရသည်။

အဆိုပါအခြေအနေနှင့်ပတ်သက်၍

၁။ မတရားဖမ်းဆီးချုပ်နှောင်ခံထားရသူများအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးရေးနှင့်

၂။ မတရားဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသား၊ အချုပ်သားများ၏ ကျန်းမာရေး၊ လုံခြုံရေးစသည့် အခွင့်အရေးများ ရရှိရေးအတွက် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါရန် ပြည်သူလူထုတစ်ရပ်လုံးထံ မေတ္တာရပ်ခံအပ်ပါသည်။

ထောင်တွင်းရဲဘော်များ၏ လက်ရှိအခြေအနေသည် အလွန်စိုးရိမ်ဖွယ်ရာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးတိုက်ပွဲတွင် တတပ်တအားပါဝင်နေကြသော လူထုတစ်ရပ်လုံးနှင့် တော်လှန်ရေး အင်အားစုများအနေဖြင့် ထပ်မံသိရှိလာရသော သတင်းများအပေါ် မူတည်၍ ထောင်တွင်းရဲဘော်များကို ဝန်းရံကူညီပေး ကြပါရန် အလေးအနက်ထားတိုက်တွန်းအပ်ပါသည်။

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်
ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ